# တရားမျှတစွာ ကျင့်သုံးနေထိုင်စားသုံးသူများ

အခုတစ်လော ဝပ်ဆိုက်တစ်ခုမှနေ၍ ဘာသာခြားတစ်ဦးက ဗုဒ္ဓဘာသာကို ပယ်ပယ်နယ်နယ် ရိုင်းရိုင်းပြပြ စော်ကားနေသည်ကို ဝမ်းနည်းစွာဖတ်ရှုခဲ့ရပါသည်။ မည်သည့်ဘာသာကိုမှ မစော်ကားတတ် သော မည်သည့်ဘာသာကိုမှ မညှင်းဆဲမနှိပ်စက်တတ်သော ဗုဒ္ဓဘာသာကို ဘာကြောင့်များ အသားလွတ် စော်ကားနေကြပါသနည်း။ အထူးသဖြင့် သာသနာ့ဝန်ထမ်းရှင်ရဟန်းများကို သင်္ကန်းခြုံထားသော ဂဝုံးများ သူတောင်းစားများဟူ၍ ပယ်ပယ်နယ်နယ်ကို စော်ကားဆဲရေးထားသည်ကိုတွေ့ရှိရသည်။ ဗုဒ္ဓဘုရားရှင်ကိုလည်း ရက်ရက်စက်စက် စော်ကားဆဲရေးထားသည်ကလည်း ဖတ်ရှုရသူပင် မဖတ်ရဲလောက် အောင် တွေ့ရှိခဲ့ရပြန်ပါသည်။

မြတ်စွာဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွတော်မူသောနေ့က ဖြစ်စဉ်များကို ပြန်လည်မြင်ယောင်မိပါသေးသည်။ ထိုနေ့က ဘုရားအမှူးရှိသော သံဃာတော်များကို သုဒ္ဓေါဓနမင်းကြီးအမှူးရှိသော ဆွေ တော်မျိုးတော်များက မည်သူကမျှ ဆွမ်းစားကြွဖို့ရန်မပင့်လျှောက်ခဲ့ကြပေ။ မင်းကြီးက ငါ့သားတော်ဆွမ်းစားချိန်ရောက်ယင် ငါ့နန်းတော်ထဲကိုပဲ ဆွမ်းစားကြွလာမှာပဲ ထင်မှတ်နေဟန်တူပါသည်။ ဘုရားအမှူး ရှိသော သံဃာတော်အရှင်သူမြတ်တို့မည်သည် ပင့်ဖိတ်လျှောက်ထားသူမရှိပါက အိမ်စဉ်လှည့်လှည်ဆွမ်းခံကြွတော်မူရသည်။ ထိုသို့ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့က ကပိလဝတ်မြို့ထဲတွင် အိမ်စဉ်လှည့်လည်ဆွမ်းခံကြွတော်မူသည့်သတင်းကို သုဒ္ဓေါဓနမင်းကြီးကြားသိသောအခါ စိတ်ဆိုးမာန်ဆိုးဖြင့် အရှင်ဘုရားအဘယ့်ကြောင့် ကျွန်ုပ်အား အရှက်ခွဲပါသနည်း၊ အဘယ်အကျိုးကိုမျှော်ကိုး၍ တစ်အိမ်တစ်လုတ် (ဆွမ်းခံလှည့်လည်) ဝမ်းစာရှာဘိသနည်း၊ ဤနှစ်သောင်းမျှသော သံဃာတော်ကို ဒကာတော်မကျွေးနိုင်ဟု ထင်ဘိသလော ဟူ၍လျှောက်ပါသည်။ ဘုရားရှင်က ဖခင်မင်းကြီး ဤဆွမ်းခံသောအရာ သည် ငါတို့အနွယ်အဆက်မှလာသဖြင့် သင့်တင့်လျှောက်ပတ် ချီးမွမ်းအပ်သော အကျင့်ပေတည်းဟု မိန့်တော်မူလျှင် အရှင်ဘုရား မဟာသမတ မင်းမှစ၍ ဘုရားဘိုးတော်သီဟာနုမင်းတိုင် ၃၃၄၅၆၉ ယောက်သောအနွယ်သည် ကျွန်ုပ်တို့၏အနွယ်မဟုတ်လော၊ ထိုမင်းနွယ်အပေါင်းတို့တွင် တစ်ယောက်မျှ ဆွမ်းတောင်းစားသည်ကို ကျွန်ုပ်မကြားဘူးပါ ဟုလျှောက်လေ၏။ ခမည်းတော်မင်းကြီး ဤမဟာသမတမင်းမှလာသော ရာဇပဝေဏီ(မင်းဆက်)သည်ကား မင်းတရားတို့၏ အနွယ်သာတည်း၊

ငါဘုရားမှာမူ ရှေးလွန်ပြီးသော အသင်္ချေများစွာ ကမ္ဘာက ဂင်္ဂါ ဝါဠုသဲစုမက ပွင့်တော်မူကြကုန်သော သမ္ဗုဒ္ဓရာဇာ စောမြတ်စွာတို့၏ မဟာဝံသဖြစ်ပေသည်။ ထိုဘုရားရှင်တို့သည်လည်း ပင့်ဖိတ်ထားသော ဒကာမရှိပါမူ ဆွမ်းခံစားရမြဲဓမ္မတာရှိပေသည် ဟုမိန့်တော်မူပါ သည်။ ဘုရားရှင်နှင့် ရဟန်းသံဃာတော်များသည် လူသားတို့၏ ဆွမ်းသင်္ကန်းကျောင်းဆေး ပစ္စည်းလေးပါးကို အမှီပြု၍ သာသနာ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်တော်မူကြရသည်။ တစ်ဖန်လူသား တို့ကလည်း ဘုရားရှင်နှင့် သံဃာတော်များကိုအမှီပြု၍ ကုသိုလ်တရားပွားများကြရသည်။ ဘုရားရှင်နှင့် ရဟန်းသံဃာများကို လူသားတို့က ပစ္စည်းလေးပါးကို ပေးကမ်းလှူဒါန်းကြသည်။ ဘုရားရှင်နှင့် ရဟန်း သံဃာတော်များကလည်း လူသားတို့အား အသိအလိမ္မာဉာဏ်ပညာကို ပေးကမ်းလှူဒါန်းကြသည်။ တစ်နည်းအားဖြင့် ဆိုသော်ဘုရားနှင့်သံဃာတော်များက လူသားတို့အား မသေရာမှန် အမြိုက်နိဗ္ဗာန်ကိုပေး ကမ်းလှူဒါန်းနေကြသည်။

မိထွေးတော်ဂေါတမီက ဘုရားရှင်အားလျှောက်ထားဘူးသည့်စကားကို နားထောင်ကြည့်ကြရအောင်ပါ။ အရှင်ဘုရား အရှင်ဘုရားလူမမယ်ကလေးဘဝအရွယ်မှာ တပည့်တော်က အရှင်ဘုရားကို နို့ချိုတိုက်ကျွေးမွေးမြူခဲ့ရပါသည်။ ထို့အတူ အရှင်ဘုရားကလည်း တပည့်တော်ကို တန်ဘိုးဖြတ်လို့မရနိုင်လောက်တဲ့ ဓမ္မနို့ချိုတွေပြန်လည်တိုက်ကျွေးပါသည်။ တပည့်တိုက်ကျွေးခဲ့သော မိခင် နို့ချိုတို့သည် အရှင်ဘုရားအတွက် တစ်ဘဝတာရှင်သန်နိုးကြားလူလားမြောက်အောင်သာစွမ်းနိုင်ပါသည်။ အရှင်ဘုရားက တိုက်ကျွေးပြုစုသော ဓမ္မနို့ချိုကတော့ တပည့်တော်အတွက် တစ်သံသရာလုံးခံစား လာခဲ့ရသော ဒုက္ခပေါင်းစုံတို့မှ လွတ်မြောက်ခြင်းကိုပေးစွမ်းနိုင်ပါသည်။ အရှင်ဘုရား ဟောကြားသောတရားတည်းဟူသော နို့ချိုသည် သတ္တဝါအားလုံးအတွက် တစ်သက်တာလုံး အသိအလိမ္မာဉာဏ်ပညာများ ရှင်သန်နိုးကြားလူလားမြောက်ရုံမျှမကပါပဲ ဘဝအဆက်ဆက်သံသရာအဆက်ဆက် ဆင်းရဲတွင်းကနေ လွတ်မြောက်စေနိုင်ခဲ့ပါသည်။ အလုံးစုံသောသံသရာဝဋ်ဆင်းရဲဒုက္ခအားလုံးကိုလည်း ချုပ်ငြိမ်းစေ ပါသည်ဘုရား ဟုလျှောက်ထားခဲ့ပါသည်။

ထို့အတူပင် အခြားသောသူတော်ကောင်း ဒါယကာ ဒါယိကာမတို့ကလည်း ဘုရားရှင်နှင့် ရဟန်းသံဃတော်များကို ဝမ်းပန်းတသာလျှောက်ထားကြသည်။ လိုက်လိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာလှူဒါန်း ပေးကမ်းကြသည်။ ထိုသို့ ဆရာဒကာညီညွတ်စွာဖြင့် သာသနာ့တာဝန်ကိုထမ်းဆောင်လျှက် သူတော်ကောင်းတရားကို ကိုယ်စီကိုယ်ငှကျင့်ကြံပွားများနေကြသည်ကို အထက်ကပြောခဲ့သောဘာသာခြားက ဘာကြောင့်

ရက်ရက်စက်စက်စော်ကားရဲသလဲဆိုသည်ကို စဉ်းစားရခက်နေပါသည်။ သူ့အမြင်မှာ ဘုရားနှင့် ရဟန်းသံဃာတော်များသည် လူတို့ကဲ့သို့ စီးပွားဥစ္စာကို ကိုယ်တိုင်လုပ်ကိုင်မစားဘဲ လူတို့လှူဒါန်းသည်ကို အညွန့်ခူးစားနေဟုလည်းကောင်း လူတို့ဆီက အောက်ကျခံတောင်းစားနေသည်ဟုလည်းကောင်း မှားယွင်းစားထင်မြင်ယူဆနေသည်။ သူကဲ့သို့ အခြားသူများကလည်း ဤသို့မထင်မြင်မယူဆ နိုင်ဘူးလား စဉ်းစားဖို့ လိုပါသည်။ အမှန်အားဖြင့် ဘုရားရှင်နှင့် ရဟန်းသံဃာတော်များသည် လူတို့၏ အညွန့်ကိုခူးစားနေသူများလည်းမဟုတ်၊ လူတို့ဆီကအောက်ကျနောက်ကျခံတောင်းစားနေကြသူများ လည်းမဟုတ်ကြပါ။ ဘုရားရှင်နှင့် ရဟန်းသံဃာတော်များသည် ကိုယ်တိုင်စီးပွားရှာ၍ မသင့်တော်သည့်အတွက်ကြောင့် လူသားတို့၏ပစ္စည်းလေးပါးကို အမှီပြုသော်လည်း လူသားတို့၏ပစ္စည်းလေးပါးကို အချိုးနှိမ်းစားသုံးနေသူများမဟုတ်ကြပါ။ လူသားတို့၏ ကောင်းကျိုးချမ်းသာကို အစဉ်ရှေးရှုကာ သုန်းဆောင်နေကြခြင်းဖြစ်ပါသည်။ ဘုရားရှင်နှင့် ရဟန်းသံဃာတော်များကို တစ်ဖွန်းတစ်ယောက်မ မျှဝေလှူဒါန်း လိုက်သည့်အတွက် လူသားတို့စီးပွားရေးလည်းထိခိုက်မသွားပါ။ ဘုရားရှင်နှင့် ရဟန်းသံဃာတော်များသည် လူသားတို့၏ လှူဘွယ်ဝတ္ထုကို အလှူခံလတံ့ကာလ အလှူခံဆဲကာလ၊အလှူခံပြီးကာလတို့တွင် တရားနှလုံးသွင်းကာ အလှူခံယူကြရပါသည်။ လူသားတို့ မသဒ္ဓါသော မပေးချင်မလှူချင်သော လှူဘွယ်ဝတ္ထုကို စိတ်နှင့်ပင်မပစ်မှားကြပါ။ လှူဘွယ်ဝတ္ထုကိုအကပ်ခံပြီးမှ ဘုဉ်းပေးသုန်းဆောင်ခြင်းဟူသော ဝိနည်းစည်းကမ်းသည် လူသားတွေမပေးလှူသော အရာဝတ္ထုကို မသုံးဆောင်ခြင်းသဘောပင်ဖြစ်သည်။ လူသားတို့အား အောက်ကျခံတောင်းစားဖို့မဆိုထားဘိ လှူဘို့ဒါန်းဘို့ အရိပ်အရောင်လေးမျှ မပြုလုပ် ရ မပြောဆိုရပါ။ အရှင်ဘုရားလိုအပ်တာရှိရင် မိန့်ပါဘုရားဟု ဖိတ်ကြားထားလျှင်ကား လိုအပ်သောအရာဝတ္ထု သံဃာတော်တို့အတွက်အပ်စပ်သောအရာဝတ္ထုများကိုအလှူခံကောင်းပါသည်။ ဘုရားရှင်နှင့် ရဟန်းသံဃာတော်များ ဆွမ်းခံကြွတော်မူခြင်း သဘောဓမ္မတာသည် မြို့တွင်းရွာတွင်းက လူသားတို့ အယုတ်အလတ်အမြတ်မရွေး ဖူးမြော်နိုင်ရန်၊ နည်းနည်းသာလှူနိုင်သော ဆင်းရဲနွမ်းပါးသူများလည်း ကုသိုလ်တရားပွားများနိုင်ရန်၊ အမြဲတရားနှလုံးသွင်းနေလေ့ရှိသော သူတော်ကောင်းကြီးများက ဆွမ်းခံလှည့်လည်ရာဒေသတိုင်း ဘေးဥပါဒ်အန္တရာယ်ကင်းစေရန်စသည့် လူသားတို့ကောင်းကျိုးချမ်းသာရနိုင် ရေးကို ရှေးရှုခြင်းသဘောဖြစ်ပါသည်။ ရဟန်းသံဃာတော်များကိုယ်တိုင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေပါလျှင် ဝိနည်းစည်းကမ်းတွေလည်းပျက်သွားပါလိမ့်မည်။ စီးပွားရေးလောက၏ ရေစီးကြောင်းအ တိုင်း လိမ်သင့်လိမ်ရမည်။ မတရားသဖြင့် ယူသင့်ယူရမည်။ ခိုးခြင်း ၂၅ပါးထဲမှ နည်းမျိုးစုံသုံးကြတော့မည်။ သူတစ်ပါးအသက်ကိုသတ်ဖြတ်မှုများလည်းပါလာနိုင်၏။ ထိုသို့ဆိုလျှင် ရဟန်းသံဃာတော်များ သည် လူသားတို့နှင့် မခြားနားတော့ပါ။ အထွဋ်အမြတ်ထားကြည်ညိုဖို့ရန်လည်း အကြောင်းမရှိတော့ပါ။ အထွဋ်အမြတ်ထားခံရသူမဟုတ်သည့်အတွက် ရဟန်းသံဃာတော်များ၏ သူတော်ကောင်းတရားကို လည်း လူသားတို့က အထင်အမြင်သေးသွားပါလိမ့်မည်။ ထိုအခါ သူတော်ကောင်းတရားများ လျှင်မြန်စွာကွယ်ပျောက်ကုန်ပါလိမ့်မည်။ သူတော်ကောင်းတရားကွယ်ပသွားလျှင်

သူယုတ်မာတရားတွေထွန်း ကားလာပါလိမ့်မည်။ ထိုအခါ လောဘဒေါသစသော ကိလေသာမီးက ကမ္ဘာကြီးကို မီးလောင်တိုက်သွင်းပါလိမ့်မည်။ ထိုသို့ စဉ်းစားမိကြပါ၏လော။ (တူကြီးလေးဖြာ တူသောခါ ကမ္ဘာ ဤတွင်ပျက်လတံ့)။

ဘုရားရှင်က ရဟန်းသံဃာတော်များကို လူသားတို့၏ ဆွမ်းစသောပစ္စည်းလေးပါးကို အလှူခံရာတွင် အမှုမဲ့အမှတ်မဲ့ အလှူမခံကြရန် ညွှန်ကြားဆုံးမတော်မူသည်။ ရဟန်းတို့သည် ကိုယ်ကျင့်သီလပျက် စီးနေပါက လူသားတို့၏ဆွမ်းစသော လှူဘွယ်ဝတ္ထုများကိုသုံးဆောင်ကြခြင်းသည် ခိုးယူသုံးဆောင်သည်နှင့် တူကြောင်းကိုလည်းကောင်း၊ ကိုယ့်တွင်မည်သည့်သီလသမာဓိပညာမျှမရှိတော့ပါပဲ လူသားတို့ လှူဒါန်းသည်များကိုသုံးဆောင်ခြင်းသည် ရဲရဲတောက်လောင်သော သံတွေသံခဲကို စားသုံးခြင်း ၊အဆိပ်ကိုသုံးဆောင်ခြင်းနှင့်တူကြောင်းကိုလည်းကောင်း လေးလေးနက်နက်သတိပေးတော်မူပါသည်။ ရဟန်း တော်များသည် လူသားတို့၏လှူဘွယ်ဝတ္ထုများကိုအလှူခံယူရာတွင် ပျားပိတုံးများကပန်းဝတ်ရည်ကိုသာသုံးဆောင်ပြီး ပန်းပွင့်များမပျက်စီးစေသကဲ့သို့ လူသားတို့၏ အကျိုးစီးပွားမပျက်စီးအောင် အလှူခံကြ ရန်ကိုလည်း ညွှန်ကြားဆုံးမတော်မူပါသည်။ ထို့ကြောင့်ပင် ရဟန်းသံဃာတော်များကို လှူဒါန်းပူဇော်ကြသည့်အတွက် ဆင်းရဲမွဲတေသွားသောသူဟူ၍ ယခင်ကလည်းမရှိ၊ ယခုလည်းမရှိ၊ နောင်လည်းရှိမည် မဟုတ်ပါ။ ဤသို့ ဆရာ ဒကာညီညီညွတ်ညွတ် ကြည်ကြည်ဖြူဖြူကျေကျေနပ်နပ် သာသနာအကျိုးကို သည်ပိုးဆောင်ရွက်ကြသည်ကို မရှုစိမ့်သော အထက်ပါ ဘာသာခြားက အသားလွတ်စော်ကားနေသည် ကို မည်သူကမျှ မဖြေရှင်းဘဲ ခေါင်းငုံ့ခံနေပါက သူပြောသည့်အတိုင်း ဟုတ်နေသလိုလို ပတ်ဝန်းကျင်က ထင်မြင်နေကြမည်။ ထို့ကြောင့် ဤအရေးကို သွေးအေးမနေသင့်ကြပါ။

အလျင်းသင့်၍ ရှင်းသင့်သည်များကို ရှင်းပြချင်ပါသည်။ ဗုဒ္ဓဘာသာသည် ပညာရှင်များ တရားနှင့်လျော်စွာ ဝေဖန်ပိုင်းခြားပိုင်ခွင့်ရှိသည်။ မေးခွန်းတိုင်းမှာလည်းအဖြေရှိသည်။ ကာလာမသုတ်တော်ကို ကြည့်ပါ။ သူများအပြောနှင့် မျက်စိမှိတ်ပြီး အရမ်းယုံကြည်ရသော ဝါဒမျိုးမဟုတ်။ ကိုယ်ကိုယ်တိုင်လေ့လာသုံးသပ်ကျင့်သုံးဆောက်တည်ပြီး လက်တွေ့ကျကျလေ့လာ၍ ကောင်းမြတ်သင့်လျော်သည်ဟုသိမြင် လာမှသာ ယုံကြည်လက်ခံရသော ဝါဒမျိုးဖြစ်သည်။ ဗုဒ္ဓဘာသာက ကိုယ့်ကိုအသက်ပေးပြီးမွေးဖွားပေးခဲ့သော ကျွေးမွေးပြုစုခဲ့သော မိဘများကိုဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာ ပူဇော်ဖို့ညွှန်ကြားဆုံးမ သည်။ ဘုရားရှင်ကိုယ်တိုင်လည်း မိဘများကို ကိုယ်တိုင်ကျေးဇူးဆပ်ပြသွားခဲ့သည်။

မိဘကျေးဇူးအထူးသိတတ်သော သူတော်ကောင်းများကိုလည်း အထူးချီးမွမ်းတော်မူသည်။ လူသားတိုင်းလက်ခံနိုင်သော အကောင်းဆုံး အမြတ်ဆုံးသော မင်္ဂလာရှစ်ပါး သစ္စာလေးပါးစသောတရားတော်များသည်လည်း ဗုဒ္ဓဘာသာမှာပင်ရှိနေပါသည်။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ကျင့်သုံးဆောက်တည်နေသော ကျင့်စဉ်များကို မည်သည့်ဘာသာဝင်မျှ လိုက်မကျင့်နိုင်ကြပါ။ ဗုဒ္ဓဘာသာတရားတော်အတိုင်း လိုက်နာကျင့်သုံးနေကြသူများသည် ကိုယ်ရောစိတ်ပါ အေးငြိမ်းချမ်းသာသောသူတော်ကောင်းကြီးများအဖြစ် လောကကောင်း ကျိုး သာသနာတော်မြတ်ကြီး၏ကောင်းကျိုးကိုအစဉ်သည်ပိုးသွားကြသည်ကိုလည်း လက်တွေ့သိရှိနေကြရပါသည်။ ထို့ကြောင့်ပင် ဗုဒ္ဓဘာသာဝင်တိုင်းက ဘုရားနှင့် ရဟန်းတော်များကို အညွန့်ခူးစားသူများ၊ တောင်းစားကြသူများအဖြစ် မည်သူကမျှ မယူဆကြပါ။ နှုတ်ဖြင့်ဝေဖန်ဖို့နေနေသာသာ စိတ်နှင့်ပင်မပစ်မှားခဲ့ကြပါ။ ဗုဒ္ဓဘာသာဝင်တိုင်း၏ စိတ်ထဲနှလုံးသားထဲတွင် ဘုရားနှင့် ရဟန်းသံဃာတော်များကို အထွဋ်မြ အမြတ်ထားပူဇော်လှူဒါန်းဖို့ရန်၊ ညွှန်ကြားဆုံးမမှုများကိုလိုက်နာကျင့်သုံးဖို့ရန်သာ အလေးထားစဉ်းစားနေကြပါသည်။ ဆရာများကလည်း ဓမ္မပူဇာဖြင့် ဒကာ ဒကာမများကိုပူဇော်သည်။ ဒကာ ဒကာမများက လည်း အာမိသပူဇာဖြင့် ဆရာများကိုပူဇော်သည်။ ယင်းသို့ ဆရာဒကာ တစ်ဦးမေတ္တာတစ်ဦးမှာထား၍ တစ်ဦး၏ကောင်းကျိုးကို တစ်ဦးက အစဉ်ဆောင်ရွက်နေကြသည်ကို ဖျက်လိုဖျက်ဆီး ဝေဖန်နေသော ဘာသာခြားကို ပြန်လည်ချေပပြောဆိုရန်မှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ ကြီးလေးသောတာဝန်ကြီးဖြစ်သည်ကို သိရှိနားလည်ရန်၊ ဘုရားနှင့် ရဟန်းတော်များသည် လူသားတို့၏ ဆွမ်းစသောပစ္စည်းလေးပါးကို အချီးနှီးအကျိုးမဲ့ဖြစ်အောင် မည်သည့်အခါမျှမစားသုံးဘဲတရားနှလုံးသွင်းလျှက်၊ စာပေကျမ်းဂန်သင်အံပို့ချလျှက်၊ တရားနှင့်လျှော်ညီစွာသုံးဆောင်နေကြသည်ကို သိရှိနားလည်ကြစေရန်မေတ္တာရှေ့ထားရေးသားလိုက်ရပါတော့သတည်း။

အရှင်ဇဝန(ကုန်းဇောင်း)